အလ္လာဟ်အရှင်မြတ်သည်

အသင်တို့အနက်မှအယောက်တိုင်းနှင့်

စကားပြောတော်မူမည်ဖြစ်ရာ အရှင်မြတ်နှင့်

ထိုသူ၏ကြားတွင် ဘာသာပြန်မည့်သူမပါရှိပေ။

အဒီဗင်န်ဟာသင်မ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်တော်မူသည်မှာ အလ္လာဟ်အရှင်မြတ်သည်
အသင်တို့အနက်မှအယောက်တိုင်းနှင့် စကားပြောတော်မူမည်ဖြစ်ရာ အရှင်မြတ်နှင့်
ထိုသူ၏ကြားတွင် ဘာသာပြန်မည့်သူမပါရှိပေ။ သိုဖြစ်ရာ ထိုသူသည် ယာဘက်ကိုကြည့်ရာသူတင်ကြို၍ပိုခဲ့သော‌(ကောင်းမှုကိုသာ) တွေ့မည်။ ဝဲဘက်ကို ကြည့်ရာသူတင်ကြို၍ပိုခဲ့သော‌(မကောင်းမှုကိုသာ) တွေ့မည်။ အရှေ့ဘက်သိုကြည့်ရာ
မိမိ၏‌အရှေ့တည့်တည့်တွင် ငရဲမီးကိုသာတွေ့မည်။ ကိုယ်တော်မြတ်က မိန့်တော်မူသည်မှာ
အသင်တိုသည် စွန်ပလွံသီးတစ်ခြမ်းစာလောက်သာရှိသော ကောင်းမှုနှင့်ပင်ဖြစ်ပါစေ
ဂျဟန္နမ်ငရဲမီးမှ အကာကွယ်ယူကြကုန်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အသိပေးမိန့်ကြားထားသည်မှာမုအ်မင်န်တိုင်းသည် ကိယာမသ်‌နေ့တွင် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်၌တစ်ယောက်ခြင်းရပ်ရပေမည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား မည်သည့် ကြားခံမှမပါဘဲ စကားပြောမည်ဖြစ်ရာအလ္လာဟ်အရှင်မြတ်နှင့် ထိုသူ၏ကြားတွင် ဘာသာပြန်ပေးမည့် ဘာသာပြန်လည်းရှိမည်မဟုတ်။သိုဖြစ်ရာ ထိုသူသည် အလွန်ပင် ကြောက်ရွံ၍မိမိရှေ့မှောက်တွင်ရှိသော ဂျဟန္နမ်ငရဲမီးမှလွတ်မြောက်မှုရရှိရန်အတွက် လမ်းစရရန်မျှော်လင့်၍ညာဘက်သိုကြည့်လိုက်ဘယ်ဘက်သိုကြည့်လိုက်လုပ်နေသည်။ ယာဘက်ကိုကြည့်ရာသူကြိုတင်ပြီးပိုခဲ့သော‌ကောင်းမှုကိုသာ တွေ့မည်။ ဝဲဘက်ကို ကြည့်ရာသူကြိုပြီးပိုခဲ့သော‌ မကောင်းမှုကိုသာ တွေ့မည်။ အရှေ့ဘက်သိုကြည့်ရာမိမိ၏‌အရှေ့တည့်တည့်တွင် ငရဲမီးကိုသာတွေ့မည်။ သူသည် ဂျဟန္နမ်ငရဲမီးမှလွှ ဖယ်နိုင်မည်မဟုတ်သောကြောင့် ဆွိရာသ် တံတားပေါ်‌မှ မုချဖြတ်သန်းသွားရမည်။ တဖန် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်တော်မူသည်မှာ အသင်တိုသည်စွန်ပလွံသီးတစ်ခြမ်းစာလောက်သာရှိသော အမလ်ကောင်းမှုကိုဖြစ်စေ၊ ဆွဒ်ကဟ်အလှူဒါနကိုဖြစ်‌စေဂျဟန္နမ်ငရဲမီးမှအကာကွယ်ပေးသောအရာအဖြင့်ပြုလုပ်ကြကုန်။

https://sunnah.global/hadeeth/my/show/6615


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee